# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 3, 2019 Volume 19, Number 2


**၃.၅.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၇၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၃၆၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၇ ကျပ် |
| CBM Rate | = ၁၅၂၁.၈ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၈.၆ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၁၁၁၅.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၀.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၄.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၉၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၄၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၀၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၃၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၅၀၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## အမေရိကန်ရင်းနှီးမြှုပ်နှံမှုများ မြန်မာသို့တိုးမြှင့်ဝင်ရောက်လာရန်ရှိ

မြန်မာနိုင်ငံသို့ အမေရိကန်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့် ဝင်ရောက်လာနိုင်သည့် အခြေအနေများရှိနေသည်ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက မြန်မာတိုင်းမ်ကိုပြောသည်။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက သံအမတ်ကြီး H.E. Mr.Scot Marciel နှင့် အမေရိကန်ကုမ္ပဏီ ကိုးခု၏ ကိုယ်စားလှယ်အဖွဲ့များသည် ဧပြီ ၂၉ ရက်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန DICA နှင့် တွေ့ဆုံမှုပြုလုပ်ခဲ့သည်။




ထို့အတူ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI နှင့်လည်း ဧပြီ ၃၀ ရက်တွင် ထပ်မံတွေ့ဆုံခဲ့ကြသည်။ တွေ့ဆုံစဉ်ဆွေးနွေးမှုများအရ အမေရိကန်၏ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံတွင် တိုးမြှင့်လာမည့်အနေအထားများရှိနေသည်ဟု UMFCCI အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောသည်။

ဆွေးနွေးမှုတွေအရဆိုရင် အမေရိကန်အနေနဲ့ မြန်မာမှာရင်းနှီးမြှုပ်နှံမှုတွေတိုးမြှင့်ဖို့ စိတ်ဝင်စားမှုသိပ်များနေတယ်။ လာဖို့ရှိတယ်ဆိုတာလည်းပြောသွားတယ်။ လက်ရှိတော့ ကုမ္ပဏီအသေးတွေက တကယ်ဝင်လာဖို့ ဆွေးနွေးနေတာတွေ့ရတဲ့အတွက် အဲဒီကနေတစ်ဆင့် ကုမ္ပဏီကြီးတွေလည်း ဝင်လာနိုင်ဖို့တော့ မျှော်လင့်ထားတယ်ဟု ဦးဇော်မင်းဝင်းက ပြောသည်။ကုန်သည်စက်မှုအသင်းချုပ်နှင့် တွေ့ဆုံခဲ့သည့်ဆွေးနွေးမှုတွင် Chevron ၊ Earth Networks ၊ ITW Welding Singapore ၊ Xylerm Water Solutions ၊ Asrophysics, Visa Myanmar ၊ Fedex ၊ GIS ၊ Arizona Tools Company စသည့်ကုမ္ပဏီများ ပါဝင်ခဲ့သည်။ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလိုလုပ်ငန်းတွေ၊ ရေသန့်စက်နည်းပညာဆိုင်ရာ လုပ်ငန်းလိုမျိုးတွေ တကယ်ဝင်လာဖို့အတွက် ဆွေးနွေးနေတာတွေ့ရတယ်။ အာမခံလုပ်ငန်းနယ်ပယ်မှာဆိုရင်လည်း အမေရိကန်ကဝင်ရောက်ရင်းနှီးထားပြီးသားဖြစ်တဲ့အတွက် နောက်ပိုင်းမှာက အလားအလာကောင်းတွေရှိနေပါတယ်ဟု ဦးဇော်မင်းဝင်းက ပြောသည်။

အာမခံဈေးကွက်တွင် နိုင်ငံခြားလုပ်ငန်းဝင်ရောက်လုပ်ကိုင်နိုင်ရန် နိုင်ငံတော်အစိုးရက ယခုနှစ် ဇန်နဝါရီလက စတင်ခွင့်ပြုရန် ထုတ်ပြန်ခဲ့ပြီး ယခုဧပြီလတွင် နိုင်ငံခြားကုမ္ပဏီ ငါးခုကို လုပ်ငန်းလုပ်ကိုင်ခွင့်ပေးခဲ့သည်။ ယင်းအနက် အမေရိကန်အခြေစိုက်အာမခံ ကုမ္ပဏီကြီးဖြစ်သည့် Chubb Life (USA) လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အမေရိကန်၏ရင်းနှီးမြှုပ်နှံမှုများသည် တိုက်ရိုက်ဝင်ရောက်မှုသာနည်းပါး နေခြင်း

ဖြစ်ပြီး စင်ကာပူနိုင်ငံမှတစ်ဆင့်ခံကာ စင်ကာပူရင်းနှီးမြှုပ်နှံမှုခေါင်းစဉ်အဖြစ် ဝင်ရောက်မှုများ ရှိထားသည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက DICA ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်ကပြောခဲ့သည်။

Coca Cola အချိုရည်ကုမ္ပဏီဟာဆိုရင် အမေရိကန်အခြေစိုက်ကုမ္ပဏီဖြစ်ပေမဲ့လို့ မြန်မာနိုင်ငံမှာဝင်ပြီး လုပ်ကိုင်တဲ့အခါမှာ စင်ကာပူနိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုအဖြစ်နဲ့သာဝင်ထားတာပါ။ အလားတူ တခြားကုမ္ပဏီတွေလည်း အများကြီးရှိသေးတယ်ဟု ဦးအောင်နိုင်ဦးကပြောသည်။ အလားတူပင် PEPSI အချိုရည်ကုမ္ပဏီသည်လည်း တောင်ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအဖြစ် ဝင်ရောက်ထားသည်။ သို့သော် သီလဝါအထူးစီးပွားရေးဇုန်တွင်မူ အီလက်ထရောနစ်ပစ္စည်းများထုတ်လုပ်သော GE ကုမ္ပဏီနှင့် အရည်ထုတ်ကုန်များအတွက် ပုလင်းအခွံများ ထုတ်လုပ်သည့် Ball ကုမ္ပဏီက တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအဖြစ်ဝင်ရောက်ထားသည်။

အမေရိကန်နှင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏတိုးမြင့်လာရေးမှာ ၎င်းတို့၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာခြင်းမှတစ်ဆင့် ပိုမိုများလာနိုင်သည်ဟု UMFCCI ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးက ပြောသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ အမေရိကန် နိုင်ငံ၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ထားမှုပမာဏသည် ၂၀၁၄–၁၅ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာနှစ်သန်းကျော်၊ ၂၀၁၅–၁၆ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၆၁ သန်းကျော်၊ ၂၀၁၇–၁၈ ဘဏ္ဍာနှစ်တွင် ၁၂၈ ဒသမ ၆၈ သန်းကျော်၊ ၂၀၁၈ ခုနှစ်ဘဏ္ဍာနှစ်တွင် ၅၅ ဒမသ ၉ သန်းကျော်ဖြင့် အသီးသီးဝင်ရောက်ထားသည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိရှေ့ပိုင်းကာလတွင်မူ ကန်ဒေါ်လာ ၂၄၃ ဒသမ ၅၆ သန်းကျော်သာ ဝင်ရောက်ထားသည်။

**Source:** https://myanmar.mmtimes.com/news/122758.html

## အရှေ့တောင်အာရှ(၃)နိုင်ငံမှ ရော်ဘာတင်ပို့မှုပမာဏလျော့ချ

ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့သည် နှစ်စဉ်ရော်ဘာတင်ပို့မှုကို တန်ချိန်(၂၀-၃၀)အထိလျော့ချ မည်ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်ခဲ့ပြီး နိုင်ငံတကာဈေးကွက် ဈေးနှုန်းကျဆင်းမှုကို တုံ့ပြန်ရန်အတွက်ဖြစ်ကြောင်းသိရပါသည်။ တင်ပို့မှု စုစုပေါင်းပမာဏကိုလျော့ချရာတွင် ထိုင်းနိုင်ငံမှ ၅၂%၊ အင်ဒိုနီးရှားမှ ၃၈%၊ မလေးရှားမှ ၁၀% အသီးသီး လျော့ချသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။ အင်ဒိုနီးရှားစီးပွားရေးစီမံခန့်ခွဲမှုဝန်ကြီး Darmin Nasution၏ ပြောကြားချက် အရ တစ်ကမ္ဘာလုံး တတိယရော်ဘာထုတ်လုပ်မှုနှင့်တင်ပို့မှုနိုင်ငံဖြစ်သည့်အလျောက် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား နိုင်ငံ(၃)နိုင်ငံမှ အစိုးရတို့မှာ အတူတကွလုပ်ဆောင်မည့် အခြေခံဥပဒေဆိုင်ရာစာရွက်စာတမ်းများကို လက်မှတ် ရေးထိုးပြီးဖြစ်ကာ ဥပဒေပြုဌာနများ၏ ခွင့်ပြုမှုကို စောင့်ဆိုင်းနေပါသည်။ Darmin Nasutionက ရှန်ဟိုင်းနိုင်ငံတကာ ရော်ဘာဈေးကွက်မှာ ယခုတလော ထောက်ပံ့မှုပမာဏများပြားသော အခြေအနေဖြစ်ပေါ်လျက် ရှိပါသည်။

ယခုအကြိမ် တင်ပို့မှုပမာဏကို လျော့ချရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ထောက်ပံ့မှုကို လျော့ချရန်အတွက်ဖြစ်ပြီး ရော်ဘာဈေးနှုန်း အခြေခံအဆင့်သို့ ပြန်လည်ရောက် ရှိစေရန် လုပ်ဆောင်သွားမည်ဖြစ်သည်။ လက်ရှိ တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ (၁.၄၅)မှာ အလွန်နည်းပါးပြီး အင်ဒိုနီးရှားရော်ဘာစိုက်ပျိုးသူများမှာ တစ်ကီလိုလျှင် အမြတ်ငွေ အမေရိကန် ဒေါ်လာ(၀.၅)ခန့်သာရရှိကြောင်း ပြောကြားခဲ့ပါသည်။ တင်ပို့မှုလျော့ချလိုက်သည့်အပြင် ထို(၃)နိုင်ငံမှ ပြည်တွင်း လိုအပ်ချက်ကို လှုံ့ဆော်ခြင်း၊ စိုက်ပျိုးမှုအပိုင်း ထောက်ပံ့မှုစီမံခန့်ခွဲခြင်းစသည့် လုပ်ဆောင်ချက်များမှတစ်ဆင့် နိုင်ငံတကာ ဈေးကွက်ဈေးနှုန်းကျဆင်းမှုကို တုံ့ပြန်ဖြေရှင်းသွားရန် စီစဉ်ထားကြောင်းသိရပါသည်။စီးပွားရေး နေ့စဉ် သတင်းစာမှ ကောက်နုတ်ဖော်ပြသည်။

**Source:** https://www.facebook.com/shweliayarnews/

## စိန်တစ်လုံးသရက်သီးများ အထွက်နှုန်းလျော့နည်းနိုင်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် အတွင်းရှိ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့တွင် စိန်တစ်လုံး သရက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ သရက်စိုက်ခြံများသို့ သရက်သီးထွက်ရှိနိုင်မှု အခြေအနေများ သိရှိနိုင် ရေး ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှူး ဦးသန်းပိုနှင့် ဝန်ထမ်းများကကွင်းဆင်းကောက်ယူခဲ့ကြောင်းသိရသည်။

ကန့်ဘလူခရိုင်အတွင်း စိန်တစ်လုံးသရက် စိုက်ဧက ၁၈၅၀ စိုက်ပျိုးထားပြီး အသီးသီးနိုင်သည့် ဧကမှာ ၁၅၀၀ ခန့်ရှိကြောင်း ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှသိရသည်။ ယခုနှစ်တွင် သရက်ပွင့်ချိန် မိုးသက်လေပြင်းများ တိုက်ခတ်

ခြင်း၊ မိုးသီးများရိုက်ခတ်ခြင်းစသည့် ရာသီဥတုဒဏ်ကြောင့် သရက်သီးထွက်ရှိမှုလျော့နည်းနိုင်ကြောင်း သရက်စိုက်ပျိုးထုတ်လုပ်သူများထံမှသိရသည်။ ခရိုင်အတွင်းရှိ သရက်စိုက်ပျိုးသူတောင်သူများ၏ သရက်စိုက်ဧက ၁၄၉၉ ဒသမ ၆ ဧကမှ သရက်သီးထွက်ရှိနိုင်မှု ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာ အိတ်စွပ်ပြီးသရက်သီးအရေအတွက်မှာ ခန့်မှန်းအားဖြင့် ၉၀၆၇၀၀ ကျော် (မက်ထရစ် တန် ၃၀၂ တန်ခန့်) ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်းသိရသည်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1914-mangoes.html

## မြန်မာ့ကော်ဖီဈေးကွက် အေးနေသည့်အပြင် အရှေ့ဈေးကွက်သို့ ဦးစားပေးရောင်းချနေရ

ကမ္ဘာ့ကော်ဖီဈေးနှုန်း ကျဆင်းနေသည့်အတွက် မြန်မာ့ကော်ဖီဈေးကွက်အေးနေသည့်အပြင် အရှေ့ဈေးကွက်သို့ ဦးစားပေးရောင်းချနေရကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းအတွင်းရေးမှူး ဦးမင်းလှိုင်၏ပြောကြားချက်အရသိရ သည်။ လတ်တလောတွင် ကမ္ဘာ့ကော်ဖီဈေးကွက်၌ စီးပွားဖြစ်ကော်ဖီ 1kg လျှင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဒေါ်လာနှင့် အထူးတန်းဝင်ကော်ဖီ 1kg လျှင် အမေရိကန် ဒေါ်လာ ၆ ဒေါ်လာမှ ၇ ဒေါ်လာဝန်းကျင်အထိသာ ဈေးနှုန်းရှိနေသည်။ "ကမ္ဘာ့ကော်ဖီဈေးက ကျနေတော့ ဈေးကွက်အေးနေတယ်။ လောလောဆယ်တော့ အရှေ့ဈေးကွက်ကိုပဲ ဦးစားပေးရောင်းချနေရတယ်" ဟု ဦးမင်းလှိုင်ကပြောသည်။ ယခုနှစ်ကော်ဖီ ရာသီချိန်အတွင်း ပြည်ပဝယ်လက်များအနေဖြင့် စင်ကာပူ၊ ရုရှား၊ အမေရိကန်စသည့်နိုင်ငံတို့မှ အဖွဲ့လေးဖွဲ့ခန့်သာဝင်ရောက်ပြီး အသစ်ထပ်မံဝင်ရောက်ခြင်း မရှိသေးကြောင်းသိရသည်။ ဒီနှစ် ဈေးကွက်သစ်တွေက ဝယ်ယူတာမရှိဘူး။ ပုံမှန်ဝယ်လက်တွေပဲ ဝယ်ကြပါတယ်ဟု ဦးမင်းလှိုင်ကပြောသည်။

မြန်မာ့ကော်ဖီများကို ပြည်ပနိုင်ငံများသို့ တိုးချဲ့တင်ပို့ရာတွင် အခွန်နှုန်းသက်သာစေရေးအတွက် ကိုတာစနစ် အပါအဝင် အစိုးရချင်း G to G စနစ်ဖြင့် တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့ကော်ဖီများ ကို အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ အင်္ဂလန်၊ ဂျပန်၊ တောင်ကိုရီးယား စသည့်နိုင်ငံတို့သို့တင်ပို့ခဲ့ပြီး ကော်ဖီကို နိုဝင်ဘာလမှ စတင်ထုတ်လုပ်ကာ မတ်လတွင် စတင်တင်ပို့နိုင်ကြောင်းသိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1913-myanma-coffee.html

## တရုတ်ဈေးကွက်မှာ အဝယ်လိုက်ဈေးကောင်းရနေတဲ့ စိန်တစ်လုံးသရက်ကို ယခုလကစတင်ပြီး အိန္ဒိယကိုလည်းတင်ပို့မည်

သရက်သီးဈေးကွက်အတွင်းမှာ ပြည်ပဝယ်လက်တွေအကြိုက်အများဆုံးဖြစ်နေတဲ့ စိန်တစ်လုံးသရက်တွေကို အခုလဆန်းမှစတင်ကာ အိန္ဒိယနိုင်ငံသို့ နယ်စပ်မှတင်ပို့မှုများဆောင်ရွက်သွားမယ်လို့ သစ်သီးကုန်သည်များထံက သိရပါတယ်။ တရုတ်ဈေးကွက်အတွင်းမှာ ဝယ်လိုအားများနေပြီး ရောင်းတန်းဝင်ဖြစ်နေတဲ့စိန်တစ်လုံးသရက်တွေကို တခြားပြည်ပနိုင်ငံတစ်ခုကိုပါ တင်ပို့နိုင်တော့မှာဖြစ်လို့ သရက်စိုက်တောင်သူတွေအတွက် များစွာအကျိုးရှိလာစေတယ်လို့ ကုန်သည်တွေကသုံးသပ်ထားပါတယ်။

မနှစ်ကလည်း ပို့ဖြစ်ပေမယ့် အရေအတွက်နည်းတယ်။အခုနှစ်က တရုတ်ဈေးကွက်နဲ့အပြိုင်တင်ပို့နိုင်ဖို့ လုပ်နေပါတယ်။ အဓိကက ဈေးကွက်ဝယ်လိုအား အပြိုင်ဖြစ်လာတဲ့အတွက် တစ်ဖက်ကုန်သည်တွေ ဈေးကစားလို့ မရအောင်လည်း ဆောင်ရွက်နိုင်ပါတယ်။ တရုတ်ဈေးကွက်တစ်ခုထဲမှာမှီခိုမှုလျော့ချတဲ့သဘောပါလို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက သရက်စိုက်တောင်သူ ဦးစန်းအေးကပြောပါတယ်။ စိန်တစ်လုံးသရက်သီးတွေက ပြည်ပနိုင်ငံတွေကို တင်ပို့တဲ့နေရာမှာ ဈေးကောင်းရတဲ့ ပြည်တွင်းလယ်ယာထွက်ကုန်တစ်မျိုးဖြစ်ကာ အခုနှစ်မှာတော့ တရုတ်နယ်စပ်က တင်ပို့မှုတွေအပြင် အိန္ဒိယကိုလည်း တမူးကုန်သွယ်ရေးစခန်းမှ တင်ပို့ရန်စီစဉ်နေခြင်းဖြစ်ပါတယ်။

သရက်သီးတွေကို ကုန်ကြမ်းအတိုင်း ပြည်ပတင်ပို့မှုများအပြင် သရက်သီးကုန်ချောအဖြစ် စားသောက်ဖွယ်ရာအမျိုးမျိုးပြုလုပ်ပြီး ထိုင်း၊ စင်ကာပူနှင့်ဥရောပဈေးကွက်အချို့ကိုလည်း ထိုးဖောက်တင်ပို့နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်နေတယ်လို့လည်း မြန်မာ့သရက်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းကနေသိရပါတယ်။

**Source:** https://www.facebook.com/popularnewsjournal/

## (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၌ ကုန်တင်ကားများဝင်ရောက်မှု ပုံမှန်ပြန်ဖြစ်နေ

(105) မိုင် ကုန်သွယ်ရေးဇုန်တရုတ်-မြန်မာနယ်စပ် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် သင်္ကြန်မတိုင်မီကာလက ကုန်စည်အချို့ကို တရုတ်နိုင်ငံဘက်မှ ပိတ်ထားခဲ့သည့်အတွက် ကုန်တင်ကားများဝင်ရောက်မှု လျော့နည်းခဲ့သော်လည်း သင်္ကြန်အလွန်ရက်များမှစ၍ ကားများပုံမှန်ဝင်ရောက်မှုရှိနေပြီး နစ်နိုင်ငံကုန်သွယ်မှုမှာလည်း ပုံမှန်စီးဆင်းလျက် ရှိနေကြောင်းသိရသည်။ ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူတစ်ဦးက ပြီးခဲ့တဲ့သင်္ကြန်မတိုင်ခင်မှာ ကုန်သွယ်ရေးဇုန်ကုန်ပစ္စည်းစစ်ဆေးရေးကွင်းထဲကို နစ်နိုင်ငံဘက်မှ ကုန်တင်ကားတွေဝင်ရောက်မှု သိသိသာသာ လျော့နည်းသွားခဲ့ပါတယ်။ အဓိကတော့ ပဲ၊ ပြောင်း၊ သကြား၊ ဆန်ကားများနဲ့ ကျွဲ နွားကားများကို တရုတ်ဘက်က အကြောင်းအမျိုးမျိုးကြောင့် ပိတ်ထားခဲ့တဲ့အတွက် ကုန်တင်ကားများဝင်ရောက်မှု နည်းသွားခဲ့တာဖြစ်ပါတယ်၊ သင်္ကြန်အပြီးနောက်ပိုင်းမှာတော့ နစ် နိုင်ငံဘက်က ကုန်တင်ကားတွေ ပြန် လည်ဝင်ရောက်လာကြပါတယ်၊ ဆန်ကားတွေလည်း တစ်ရက်ကို သုံးစီးကနေ ငါးစီးလောက် ဝင်ရောက်နေပြီး နွားကားများလည်း ပြန်ဝင်လာတဲ့အတွက် ကုန်သွယ်မှုနဲ့ ကုန်တင်ကားဝင်ရောက်မှုကတော့ ပုံမှန် အတိုင်းပါပဲဟုပြောသည်။သင်္ကြန်အလွန်ရက်များတွင် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်း စစ်ဆေးရေး ကွင်းသို့ မြန်မာ ဘက်မှ ကုန်တင်ကားအစီးရေ ၅၀၀ ဝန်း ကျင်ခန့် နေ့စဉ်ဝင်ရောက်မှုရှိနေပြီး ပို့ကုန်များမှာ ပဲတီစိမ်း၊ ဖရဲသီး၊ ဆန်၊ ZINC Oxide၊ ငရုတ်သီးခြောက်၊ ငါးမျိုးစုံ၊ ကဏန်းအရှင်၊ သရက်သီး၊ နမ်းနက်၊ နွားအရှင်များဖြစ်ကြောင်းသိရသည်။ တရုတ်ဘက်မှ ကုန်တင်ကား ဝင်ရောက်မှုမှာ နေ့စဉ် အစီးရေ ၃၀၀ ခန့်ရှိပြီး သွင်းကုန်များမှာ ဆိုင်ကယ်များနှင့်ဆက်စပ်ပစ္စည်းများ၊ စက်ဘီးများ၊ ယာဉ်နှင့်ယာဉ်ယန္တရားများ၊ ဓာတ်မြေသြဇာများ၊ လယ်ယာသုံးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ လူသုံးကုန်များ၊ သံထည်ပစ္စည်းအမျိုးမျိုး၊ ဆိုလာပြားများနှင့် ဆိုလာယူနစ်များ၊ ပလတ် စတစ်ပစ္စည်းများ၊ ပန်းသီးနှင့်လိမ္မော်သီးများဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် ကုန်သွယ်ရေးဇုန်ကြီးအတွင်းသို့ ပို့ကုန်/သွင်းကုန် နစ်ခုပေါင်း နေ့စဉ် ကုန်တင်ကားဝင်ရောက်မှုမှာ အစီးရေ ၈၀၀ ကျော်ရှိနေပြီး ဝင်ရောက်လာသည့် ကုန်တင်ကားများကို မဲနှိုက်စနစ်ဖြင့်စစ်ဆေးကြောင်း၊ မဲများကို အနီ၊ အစိမ်း၊ အဝါဟူ၍ အရောင်သုံးမျိုး သတ်မှတ်ထားပြီး အစိမ်းကျသည့် ကုန်တင်ကားများက X-Ray လွတ်ကာ အဝါရောင်ကျသည့် ကုန်တင်ကားများက X-Ray ဖြတ်၍ စစ်ဆေးခံရကြောင်း၊ အနီရောင်ကျသည့် ကုန်တင်ကားများမှာမူ မိုးကာဖွင့်ဖောက်၍ စစ်ဆေးခံရကြောင်းသိရသည်။

ကုန်သွယ်ရေးဇုန်သို့ နစ်နိုင်ငံဘက်မှ ကုန်တင်ကားများ ပုံမှန်ဝင်ရောက်လျက်ရှိသောကြောင့် ကုန်တင်ကားပိုင်ရှင်များအနေဖြင့် လုပ်ငန်းအဆင်ပြေလျက်ရှိပြီး ကုန်တင်ကားများ၏ လတ်တလော ကားခဈေးနှုန်းများမှာ မန္တလေးမှ မူဆယ်သို့ အတက်တွင် ကုန်ချိန်တစ်ပိဿာလျှင် ၄၂ ကျပ်မှ ၄၄ ကျပ်နှုန်းရရှိကာ မူဆယ်မှအဆင်းတွင် ကုန်အမျိုးအစားအပေါ်မူတည်၍ ကုန်ချိန် တစ်ပိဿာလျှင် ၇၂ ကျပ်အထိရရှိနေကြောင်းသိရသည်။

**Source:** https://www.facebook.com/search/top/?q=myanmaalinn&epa=SEARCH_BOX

## အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ စီမံကိန်းဆောင်ရွက်မည်



စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ကိုရီးယား သမ္မတ နိုင်ငံ၊ Korea RuralEconomic Institute (KREI) တို့ ပူးပေါင်း၍ အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးဆိုင်ရာ စီမံကိန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက မြန်မာ့ပြောင်းစိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် တိုးတက်လာဖို့ဖြစ်သလို ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်သောဌာနတွေကနေ အရာထမ်းတွေနဲ့ ပညာရှင်များအနေနဲ့ ကိုရီးယားရဲ့ အတွေ့အကြုံနဲ့ နည်းပညာတွေကို သိရှိလေ့လာနိုင်မှာလည်းဖြစ်တယ်ဟုပြောသည်။

အဆိုပါစီမံကိန်း၏ ရည်မှန်းချက်သည် မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်

တစ်လျှောက်ရှိ လုပ်ငန်းစဉ်များအား တိုးတက်လာစေရေးဆောင်ရွက်နိုင်ရန်၊ စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်ရှိ လုပ်ငန်းစဉ်များအား သိရှိနားလည်စေရန် လိုအပ်သောသတင်းအချက်အလက်များ ကောက်ယူစုဆောင်းရန်၊ ကောက်ယူရရှိသော သတင်းအချက်အလက်များကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာသုံးသပ်၍ ကွင်းဆက် တစ်လျှောက်ပါဝင်ဆောင်ရွက်နေသူများ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရှိစေရန် ပြုပြင်ဆောင်ရွက်သင့်သည့် မူဝါဒနှင့် နည်းပညာများအားအကြံပြုအထောက်အပံ့ပေးရန်စသည်တို့ဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်သော ဌာနများမှ အရာထမ်းနှင့် ပညာရှင်များအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံ၏ အတွေ့အကြုံနှင့် နည်းပညာများအား သိရှိလေ့လာနိုင်ခြင်းဖြင့် ၎င်းတို့၏ အသိပညာနှင့်အတတ်ပညာများကို တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ပြောင်းသီးနှံသည် ပဲအစားထိုး သီးနှံအဖြစ်လည်းကောင်း၊ တရုတ်ဈေးကွက်သို့ တိုးတက်တင်ပို့မှု များနေသည့် ပို့ကုန်ဖြစ်သည့်အလျောက် ပြည်တွင်း၌ တိုးချဲ့စိုက်ပျိုးလာသလို တစ်ဖက်တွင်လည်း တွင်ကျယ်စွာ ဆောင်ရွက်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်လျက်ရှိသည်။ ရင်းနှီးမြှုပ်နှံရာတွင် တွေ့ကြုံရမည့်ငွေကြေး၊ နည်းပညာများလိုအပ်ခြင်းနှင့် ဆင့်ပွားသင်တန်းများ ပို့ချပေးခြင်း၊ အခြေခံအဆောက်အဦးလိုအပ်ချက်များ၊ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာသုတေသနလုပ်ငန်းများ၊ ရာသီအလိုက်သာ ထုတ်လုပ်နိုင်ပြီး တစ်နှစ်ပတ်လုံး မထုတ်လုပ်နိုင်ခြင်း၊ ပိုးမွှားအန္တရာယ်ကာကွယ်ရေးနှင့် သိုလှောင်ထိန်းသိမ်း နည်းစနစ်၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ပြုလုပ်ခြင်း၊ နိုင်ငံခြားသားများနှင့် ဖက်စပ်လုပ်ကိုင်ရန်အတွက် စိုက်ပျိုးမြေ ငှားရမ်းခြင်း၊ သွင်းအားစုများကို ဈေးနှုန်းချိုသာစွာဖြင့် ရရှိလာစေရန် ဆောင်ရွက်ပေးခြင်း၊ ရေဆိပ်များတွင် အဆင့်မြှင့်သိုလှောင်ရုံများ တည်ဆောက်ပေးခြင်း (ပင်လယ်ရေကြောင်း)နှင့် နိုင်ငံတော်အဆင့်မှ သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပေါင်းစပ်၍ စီမံချက်ချမှတ်ဆောင်ရွက်ရန်လိုအပ်ခြင်းစသည်တို့ကို ချမှတ်ဆောင်ရွက်ရန်လိုအပ်နေသည်။

ပြောင်း စိုက်ပျိုးထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာအဆင့်မီ ပြောင်းမျိုးများအား စမ်းသပ်ထုတ်လုပ်ခြင်း၊ ပြောင်းကို တန်းဖိုးမြှင့်ထုတ်ကုန်ပြုလုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် ပြည်တွင်းရှိ လုပ်ငန်းရှင်များအား လိုအပ်သောအကူအညီများ ပေးခြင်း၊ ငွေကြေးဆိုင်ရာ ကဏ္ဍများတွင် ကူညီပံ့ပိုးပေးခြင်း၊ ရေတိုရေရှည် စီမံကိန်းများချမှတ်၍ နိုင်ငံတကာအဆင့်မီ ပြောင်းမျိုးများအား တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာများ၊ သွင်းအားစုများ ပံ့ပိုးပေးနိုင်ရေး၊ ပြည်ပနိုင်ငံများမှဂယ်လက်များ၏ အခြေအနေ၊ စားသုံးမှုပုံစံတို့ကို သတင်းအချက်အလက်ရယူရေးစသည့်အချက်များကို လုပ်ဆောင်ပေးမှသာလျှင် တန်ဖိုးမြှင့်ပြောင်း ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ မြန်မာ့ပြောင်းကိုလည်း ပြည်ပဈေးကွက်အသီးသီးသို့ တိုးချဲ့တင်ပို့နိုင်မည်ဖြစ်သည်။ အဆိုပါစီမံကိန်းကို ကိုရီးယားသမ္မတနိုင်ငံ၊ Korea Rural Economic Institute (KREI) 2019 KAPEX Program အရ ဆောင်ရွက်မည့် Maize Value Chain in Myanmar စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် ကူညီပေးခြင်းဖြစ်ကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/Detail.aspx?id=7994

## ကျောက်ဖြူ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းအတွက် လျှပ်စစ်ဓာတ်အား ဝယ်ယူရေး စာချုပ် ချုပ်ဆိုရန် ညှိနှိုင်းဆွေးနွေးမှုများ ပြီးမြောက်ကြောင်း အသိအမှတ်ပြု စာချွန်လွှာ လက်မှတ်ရေးထိုး

ကျောက်ဖြူ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းအတွက် လျှပ်စစ်ဓာတ်အားဝယ်ယူရေး စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆွေးနွေးမှုများ ပြီးမြောက်ကြောင်း အသိအမှတ်ပြု စာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြောင်း




လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

စာချုပ်လွှာအား ဧပြီ ၂၈ ရက်တွင် Power China Resources Ltd (SINOHYDRO) ၏ ဥက္ကဋ္ဌ Mr. Sheng Yuming နှင့် မြန်မာတိုင်းရင်းသားပိုင် Supreme Trading Company Limited ၏ ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်တို့က တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr. Hong Liang တို့ ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း ဖော်ပြထားသည်။

အခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း၊ လျှပ်စစ်စွမ်းအား စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မိမိခိုင်နှင့် မြန်မာသံရုံးမှတာဝန်ရှိသူများ၊ Power Construction Corporation of China ၏ ဥက္ကဋ္ဌ Mr.Sun Hongshui နှင့် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများတက်ရောက်ကြကြောင်းသိရသည်။ အဆိုပါ ကျောက်ဖြူ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းအား ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် တည်ဆောက်မည်ဖြစ်ပြီး ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည် ဖြစ်သည်။

အဆိုပါစီမံကိန်းအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် Notice to Proceed ထုတ်ပေးခဲ့ပြီး မြန်မာ-တရုတ် စီးပွားရေးစင်္ကြံအတွက် အရေးပါသောစီမံကိန်းတစ်ခုဖြစ်ကာ တည်ဆောက်ပြီးစီးပါက လျှပ်စစ်ဓာတ်အား ၁၃၅ မဂ္ဂါဝပ်အား ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ အထောက်အကူပြု ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထား သည်။

**Source:** https://news-eleven.com/article/104585

## ဈေးကွက်ခိုင်မာသော သီးနှံစာရင်း အစိုးရက ပုံမှန်ထုတ်ပြန်ပေးရန် အဆိုတင်

တောင်သူများ ဘဝတိုးတက်ရေးအတွက် စိုက်ပျိုးရေး ထွက်ကုန်သီးနှံများကို မျှတသော ဈေးနှုန်းရရှိရန် ပြည် တွင်း၊ ပြည်ပ ဈေးကွက်များရှာဖွေ၍ ဈေးကွက်ခိုင်မာမှုရှိသော သီးနှံစာရင်းကို အစိုးရက ရာသီအလိုက် (သို့မဟုတ်) နှစ်အလိုက် ထုတ်ပြန်ရန် တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးမည်ဖြစ်သည်။ ဧပြီ ၂၉ က ကျင်းပသည့် ပြည်သူ့လွှတ်တော်တွင် မင်းဘူး မဲဆန္ဒနယ်မှ ဦးဝင်းဝင်းက အထက်ပါအဆိုကိုတင်သွင်းပြီး ကန့်ကွက်သူမရှိ၍ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

တောင်သူများဘဝ တိုးတက်လာစေရေး အဓိကကျသည့်အချက်မှာ စိုက်ပျိုးရေး ထွက်ကုန်သီးနှံများဈေးကောင်း ရရှိရေးဖြစ်ပြီး လက်တွေ့တွင်မူ စိုက်ပျိုးရန် မျိုးဝယ်ချိန်၌ ဈေးကောင်းပေးရပြီး သီးနှံပေါ်ချိန်တွင် ရရှိသော ဈေးနှုန်းနိမ့်ပါးခြင်းများ ရှိနေကြောင်း အဆိုရှင် ဦးဝင်းဝင်းကပြောသည်။ တောင်သူတွေဟာ ဘယ်သီးနှံက ဈေးကောင်း ရမလဲ၊ ဘယ်သီးနှံက ဈေးကွက်ရှိသလဲ။ ဈေးကွက်ရှိပြီး ဈေးကောင်းရမယ့် သီးနှံတွေကို စိုက်ပျိုးချင်ကြ ပါတယ်။ ဒါကြောင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များ ကူညီရှာဖွေပေးဖို့လို အပ်ပါတယ်ဟု ၎င်းကပြောသည်။

လက်ရှိအစိုးရလက်ထက်တွင် တောင်သူများဘဝအဆင်ပြေစေရေး စပါးတစ်တင်းအနည်းဆုံးကျပ် ၅,ဝဝဝ သတ်မှတ်ခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေများတိုးမြှင့်ထုတ်ချေးပေးခြင်းစသည့် ကူညီဆောင်ရွက်မှုများရှိသော်လည်း လုံလောက်မှုမရှိကြောင်း ဦးဝင်းဝင်းကဆိုသည်။ တောင်သူများအတွက် ပြည်တွင်း၊ ပြည်ပဈေးကွက်များ ရှာဖွေကာ

ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများစာရင်းကို ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ထုတ်ပြန်ဆောင်ရွက်မည် ဆိုပါက တောင်သူများသည် ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများကိုသာစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ပိုမိုရရှိလာနိုင်ကြောင်း ၎င်းက ပြောသည်။

**Source:** http://www.7daydaily.com/story/155151

## ပခုက္ကူသီးနှံဈေးကွက်အတွင်း ပဲစင်းငုံတစ်တင်း ကျပ် ၃၃၄၀၀ ထိ ရောက်ရှိလာပြီး သုံးနှစ်တာကာလအတွင်း အမြင့်ဆုံးပေါက်ဈေးဖြစ်လာ

ပခုက္ကူသီးနှံဈေးကွက်အတွင်း ယခုမေလဆန်းတွင် ပဲစင်းငုံဈေးနှုန်းများ ဆက်လက်မြင့်တက်နေရာ တစ်တင်း ၃၃၄၀၀ ကျပ် ထိရောက်ရှိလာပြီး သုံးနှစ်တာကာလအတွင်း အမြင့်ဆုံးပေါက်ဈေးဖြစ်ကြောင်း သီးနှံရောင်းဝယ်ရေးလုပ်ကိုင်သူများထံမှ သိရသည်။ မေ ၂ ရက် ပခုက္ကူသီးနှံဈေးကွက်တွင် ဝယ်လိုအားများပြားနေသည့် ပဲစင်းငုံသီးနှံမှာ တစ်တင်း ၃၃၄၀၀ ကျပ် (၂၀၁၉)၊ ပဲစင်းငုံတစ်တင်း ၂၉၅၀၀ ကျပ် (၂၀၁၈) ဖြင့် ရောင်းဝယ်ကြပြီး အရောင်းအဝယ်များပြားကြောင်း သိရသည်။ ပခုက္ကူ သီးနှံဈေးကွက်အတွင်း သင်္ကြန်ကာလမတိုင်မီ ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၂၉၀၀၀ ပေါက်ဈေးရှိပြီး သင်္ကြန်ပြီးကာလတွင် ရန်ကုန်ဝယ်လက်များ ဝယ်ယူမှုများပြားသည့်အတွက် ဈေးနှုန်းဆက်လက်မြင့်တက်လာကြောင်းသိရသည်။ ပဲစင်းငုံဈေးကတော့ သိသိသာသာမြင့်တက်လာတယ်။ အထူးသဖြင့် ရန်ကုန်သမားတွေဆွဲနေတယ်။ ပဲအဟောင်းရော အသစ်ပါ နှစ်မျိုးလုံးအရောင်းအဝယ်ဖြစ်တယ်။ ဒီနေ့ဆိုရင် ပဲအသစ်က အိတ်ရေ ၁၀၀ ကျော် အရောင်းအဝယ်ဖြစ်တယ်။ ပဲအဟောင်းက အိတ်ရေ ၁၀၀၀ လောက် ဖြစ်တယ်။ ဈေးကွက်မှာ ပဲအသစ်ဝင်တာတော့မရှိတော့ဘူး။ ၂၀၁၈ တုန်းက စိုက်ကေလည်းနည်းတယ်။ လက်ရှိဈေးကတော့ ပဲလက်ကျန်ရှိတဲ့သူတွေ အဆင်ပြေမယ်။ တောင်သူတွေပြန်စိုက်လို့ အဆင်ပြေမဲ့ဈေးတွေပါဟု သီးနှံရောင်းဝယ်ရေး လုပ်ကိုင်သူ ကိုထွန်းထွန်းအောင်ကပြောကြားသည်။

ယခုနှစ် မတ်လကုန်ပိုင်းထိ ပဲစင်းငုံတစ်တင်း ၂၆၀၀၀ ကျပ်ဝန်ကျင်ပေါက်ဈေးရှိရာမှ အိန္ဒိယနိုင်ငံမှ ပဲစင်းငုံတန်ချိန် နှစ်သိန်း ဝယ်ယူမည်ဟု သတင်းထုတ်ပြန်ခဲ့ပြီး ဧပြီလဆန်းပိုင်းမှစ၍ ပခုက္ကူသီးနှံဈေးကွက်အတွင်း ဝယ်လက်များပြားလာ၍ ဈေးနှုန်းပြန်လည်မြင့်တက်ခဲ့ခြင်း ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ပဲစင်းငုံအသစ်များ စတင်ဝင်ရောက်ချိန် ဝယ်လိုအားနည်းပါးသည့်အတွက် တစ်တင်း ၂၆၀၀၀ ကျပ်ခန့်သာပေါက်ဈေးခဲ့ပြီး ယခု ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် တစ်တင်း ၂၈၂၀၀ ကျပ်ထိ မြင့်တက်လာခဲ့သော်လည်း နောက်ပိုင်းတွင် ဈေးနှုန်း ပြန်လည်ကျဆင်းခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် သီးနှံစိုက်ပျိုးချိန်ထိ ပဲစင်းငုံဈေးနှုန်းမှာ တစ်တင်း ကျပ် ၁၀၀၀၀ ဝန်းကျင်သာပေါက်ဈေးရှိခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/104533

## Thura News Views

### Nine coffee plantations granted GAP certificates

A total of nine coffee plantations have been granted Good Agriculture Practice (GAP) certificates, according to an article in the Myanmar Times. The certificates were issued as part of aims to bring a significant boost to the sector. The GAP system was introduced by the Myanmar government in 2016. It is accepted as a sign of quality by some other countries. The nine plantations granted certificates are Si Thar, Green Land 1 and 2, Mya Myanmar and Creation Myanmar. The plantations are located in Mandalay Region and Shan State. "GAP holders pro-vide consumers with reassurance that their products are made without harmful chemicals. This gives consumers more confidence" said U Myint Swe, director from the Department of Agriculture under the Ministry of Agriculture, Livestock and Irrigation. According to an article in the Myanmar Times, Myanmar coffee ranked second out of 48 countries in a coffee exhibition in China in 2017.

**Rent 2 Own raises funds for expansion**

Rent 2 Own, which offers motorbike renting solutions, has raised USD 3 million in debt financing from Belgian company Inco fin. Established in Myanmar in 2016, Rent 2 Own aims to help entrepreneurs, particularly farmers, to use improved transportation to generate income and improve their business operations. According to a report in Deal street Asia, Rent 2 Own CFO Olivier Bertrand said "The new funding will enable Rent 2 Own Myanmar to continue providing economic opportunities to families of the low income and rural population in Myanmar". Under the program, customers make an upfront payment, and then pay the rest of the cost of the motorbike using a payment plan. The company said it has established 39 branches across the country and has almost 100,000 clients.

**Memories Group acquires stake in three Yangon hotels**

Prominent local tourism company Memories Group has acquired a 15.28 percent stake in Strand Hotel International Limited (SHIL), in a deal worth USD 3.19 million. The deal involved interests in three Yangon based hotels, as well as a well-known cruise, according to a report in Deal street Asia. SHIL controls three hotels in Yangon, namely Strand Hotel, Inya Lake Hotel and Hotel G Yangon, as well as The Strand Cruise. According to the article, Memories Group has entered into an agreement to purchase 1,969,636 shares in SHIlL, accounting for 15.28 percent of the company. "The acquisition is in line with our plans to own, develop and/or operate more hotels and lodges so as to expand our hotel business segment," Cyrus Pun, CEO of Memories Group was quoted as saying. He also added that he remained convinced of "the enormous tourism potential of Myanmar". Memories Group, which is affiliated to Yoma Strategic Holdings, has several other business interests in Myanmar's tourism sector, including Balloons over Bagan, Bagan Land and Hpa-An Lodge, a hotel in Kayin State.

**Source: Thura Swiss News (Issue 363 May 02, 2019)**

## STOCK EXCHANGE (3.5.19)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 3rd May. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,400 | +500 | +5.62% | 9,000 | 9,400 | 9,000 | 1,178 | 11,059,200 | 27,112,747 | 254,860 |
| MTSH | 00002 | 3,000 | +50 | +1.69% | 2,950 | 3,000 | 2,950 | 2,640 | 7,910,000 | 38,929,150 | 116,787 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 0 | 0 | 10,400,986 | 73,847 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 151 | 3,246,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 3,792 | 10,617,600 | 12,212,906 | 34,196 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 390.29 | +11.35 | +3.00% | 378.94 | 390.29 | 378.94 | 7,761 | 32,833,300 | 5 | 532,839 |


**Index chart**




# Market Overview

As of 1:00 pm, 3rd May. 2019

| MYANPIX | 390.29 ▲ 11.35 |
|---|---|
| Total Volume (shares) | 7,761 |
| Total Value (MMK) | 33 mil |
| Listed Company | 5 |
| Market Cap. (MMK) | 532,839 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,400 | ▲ 500 |
| MTSH | 00002 | 3,000 | ▲ 50 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |